## Highlights from DVB Debate's Climate Change and its Impacts

## August 27, 2016

## "What are the impacts of Climate Change?"

"သစ်ထုတ်တာကို ရပ်ရမှန်းသိတာရယ် စ ရပ်လိုက်တာရယ်ကိုက ကိုယ့်တိုင်းပြည်အတွက် အလားအလာကောင်းတယ်။"

ဦးတင်အေး - အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောအသင်း

---

"၂၀၀၅ မှာ အင်းလေးကန်ကြီး ခြောက်လာတာ ကျမတို့တွေ့ရတယ်၊ ၂၀၀၈ မှာ နာဂစ်မုန်တိုင်းဒဏ် ကျမတို့ ခံရတယ်၊ ၂၀၀၉ မှာတော့ အယ်လ်နီညိုပေါ့. ကျမတို့ အဲမှာ အရမ်းထိတ်လန့်တယ် ဟာ ရာသီဥတုတွေ ပြောင်းလဲသွားပြီပေါ့။ တကယ်တော့ ရာသီဥတုပြောင်းလဲမှုက ၁၉၇၀ နောက်ပိုင်းမှာကိုက မှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေက ရှိပါတယ် ၂၀၀၅ မှာနောက်ပိုင်းမှာမှ ထူးခြားမှုတွေ စခံစားရတယ်။"

ဒေါက်တာ လွင်လွင်ဝေ - I Green ပတ်ဝန်းကျင်ဆိုင်ရာသုတေသနနှင့်ပညာရေးစင်တာ တည်ထောင်သူ

---

"၂၀၁၅ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင်အဖွဲ့ ပြင်သစ်သဘောတူညီချက် ဆိုတာမှာ နောင်နှစ် ၃၀ အတွင်းမှာ ၂ ဒီဂရီစင်တီဂရိတ်ထိ ကမ္ဘာ့အပူချိန်ကို မတက်ဖို့ ဖြစ်နိုင်ရင် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှာ ထားဖို့ ရည်မှန်းချက်ထားတယ်။ ကျနော်တို့ လက်မှတ်ထိုးခဲ့တယ်"

ဦးသန်းအေး - ညွှန်ကြားရေးမှူး(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန

---

"ကျနော်တို့ဆီမှာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ Environemntal Studies ဆိုတာ မရှိဘူး။ သူများနိုင်ငံမှာ ကလေးတန်းကနေ တက္ကသိုလ်၊ ပီအိတ်ချ်ဒီ ထိအောင်ရှိတယ်။ အဲတော့ ဒေသကလူတွေ အထူးသဖြင့် ပြည်နယ်တိုင်းတွေ၊ တောရွာက ဒေသခံတွေ မသိကြဘူးပေါ့.. မသိကြတော့ ကာဗွန်ဒိုင်အောက်ဒိုဒ်ကတော့ ထုတ်နေတယ်။ ပြန်စုပ်တဲ့ ဖြစ်စဉ် ရုက္ခဗေဒမှာဆို အလင်းဖြင့်ဖွဲ့စည်းခြင်းဆိုတာ အပင်တွေက လုပ်တာ။"

ပါမောက္ခ ဦးညိုမောင် - ရုက္ခဗေဒပညာရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ နာယက

---

“ကာဗွန်ထုတ်လုပ်မှု လုပ်ငန်းတွေ လျှော့ချဖို့ လိုတယ်၊ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေဖို့နဲ့ လျှော့ချဖို့ အပိုင်းတွေ လိုတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့လိုတယ်၊ စက်ရုံ အလုပ်ရုံတွေကလည်း ကာဗွန်ဒိုင်အောက်ဆိုဒ် သုံးစွဲမှု အနည်းဆုံးဖြစ်စေတဲ့ နည်းပညာတွေ သုံးဖို့ လိုတယ်။”

ဦးသန်းအေး - ညွှန်ကြားရေးမှူး(ပတ်ဂန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ သယံဇာတနှင့် သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေး ဂန်ကြီးဌာန

---

“ဒီရေတောတခွင်သွားခဲ့တယ် ဒီမှာ သစ်တောဥပဒေ သက်ဂင်လှုပ်ရှားမှုမရှိတာတွေ့ရတယ်။ ထိန်းကျောင်းဖို့လိုလာပြီ။ သစ်ပင်တွေ စိုက်ကြတယ်၊ နောက်က ခုတ်ကြတယ်။ စီးပွားဖြစ် သစ်ထုတ်လုပ်မှု၊ လုပ်ငန်းတွေ ရှိတယ်. လောင်စာအဖြစ်လုပ်နေတဲ့ ထင်း၊ မီးသွေး လုပ်ငန်းတွေလည်း ရှိတယ်။ နောက်ပိုင်းမှာ တရားဥပဒေစိုးမိုးမှုနဲ့ အဂတိလိုက်စားမှုတွေ လိုက်လာတယ် ဒါတွေရှိနေဦးမယ်ဆိုရင် သစ်ပင်တွေစိုက်နေလည်း သစ်တောတွေက ပြုန်းနေဦးမယ်”

ဒေါက်တာ လွင်လွင်ဂေ - I Green ပတ်ဂန်းကျင်ဆိုင်ရာသုတေသနနှင့်ပညာရေးစင်တာ တည်ထောင်သူ

---

“အရင်တုန်းက မလုပ်ခဲ့တဲ့ ဒဏ်တွေကို ခံနေရတာပေ့ါ။ သစ်တောပြန်လည်ထူထောင်ရေးလုပ်ရာမှာ အသင်းက ညွှန်းထားတာ ကိုးရီးယားနိုင်ငံ နမူနာယူဖို့၊ တောင်ကိုးရီးယားက တတိယ သမ္မတ ပတ်ချုံဟီးက သူ့နိုင်ငံက ဆိုးဆိုးဂါးဂါး တောပြုန်းပြီး ပျက်စီးတော့ ငါ့နိုင်ငံ ပြန်မစိမ်းမချင်း နိုင်ငံခြား မသွားဘူး သူက ဆုံးဖြတ်တယ်။ ငါတို့များက ကံကြမ္မာ မကောင်းချင်တော့ အမျိုးသားပြန်လည် ညီညွတ်ရေး၊ ငြိမ်းချမ်းရေးခေါင်းစဉ်အောက်မှာ တတိုင်းပြည်လုံးလှုပ်လှုပ်ရွရွဖြစ်ပြီး သစ်တောပြန်လည်ထူထောင်ရေးအပိုင်းက ငြိမ်းချမ်းရေးရမှ လုပ်မယ်ဆိုသလိုဖြစ်နေသလား ဒါဟာ political will ပါပဲ”

ဦးတင်အေး - အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောအသင်း

---